၂၀၂၃ ခုနှစ် စက်တင်ဘာလ | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဖက်ဒရယ်စနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်
တန်းတူညီမျှမှုအခြေခံမှု

# အမျိုးသမီးအခွင့်အရေးနှင့်
# = ဂျဲန်ဒါတန်းတူမှုကို

မဟာဗျူဟာမြောက်ချဉ်းကပ်ခြင်း



# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံရှိ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီး အဖွဲ့အစည်းပေါင်း (၁၃) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမ ဦးဆုံးအဖွဲ့ချုပ် ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့ တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် လုပ်ကိုင်နိုင်မှု စွမ်းရည်ပြည့်ဝ စေရေးအတွက် သာမက စွမ်းရည်မြင့်တင်ခြင်း၊ စည်းရုံး လှုံ့ဆော်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှ တစ်ဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးအပါအဝင် လူ့အဖွဲ့အစည်း နယ်ပယ်အားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ဆောင်လာမှုရှိစေရန် လှုပ်ရှား ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ နိုင်ငံရေးသုံးသပ်ခြင်း ဖိုရမ် (၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်) တွင် ဆွေးနွေးခဲ့သည့် အချက် များအပေါ် အခြေခံပြီး မေဦးမူတော် (နည်းပညာအကြံပေး) မှ ရေးသားပြင်ဆင်သည်။

# မာတိကာ


၂
နိဒါန်း

၅
တန်းတူညီမျှမှု အခြေခံမှုကို အလေးထားမှု

၉
ပြည်ထောင်စုစနစ်အခြေခံမှုနှင့်
တန်းတူရေးဆိုင်ရာ ပြဌာန်းချက်များ

၁၆
ပြည်နည်ဖွဲ့စည်းပုံများ အခန်းကဏ္ဍ

၁၈
နိဂုံး

# နိဒါန်း

မြန်မာနိုင်ငံ၏ အနာဂတ်နှင့် နိုင်ငံရေးကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်ရန်အလို့ငှာ မြန်မာပြည်သူပြည်သားများ အနေဖြင့် လမ်းဆုံလမ်းခွတွင် နောက်တစ်ကြိမ် ထပ်မံရောက်ရှိနေပြီဖြစ်သည်။ ပြည်ထောင်စုနိုင်ငံအသစ်တစ်ခုအနေဖြင့် ပြန်စုဖွဲ့တည်ဆောက်နိုင်ကြမည်လောဆိုသည့် မေးခွန်းသည် တစ်နည်းအားဖြင့် မြန်မာနိုင်ငံသားများ၏ - အထူးသဖြင့် အမျိုးသမီးများနှင့် စုံလင်ကွဲပြားသော လူနည်းစုများ၏ - အနာဂတ်နှင့် တိုက်ရိုက်အချိုးကျနေသည်။

ပြည်ထောင်စုတစ်ခုအနေဖြင့် စုဖွဲ့နေထိုင်ကြမည်ဟု ရွေးချယ်လိုက်ရုံဖြင့် ပြဿနာများ၊ အခက်အခဲများ၊ အလိုအလျောက် ကင်းဝေးသွားမည် မဟုတ်ပေ။ အမှန်တကယ်တည်ဆောက်ကြမည်ဆိုလျှင် ပြည်ထောင်စုစနစ်သည် မိမိတို့ နိုင်ငံအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို ယူဆောင်လာမည် ဖြစ်သည်။ ရရှိလာနိုင်သည့် အခွင့်အလမ်းများမှတဆင့် မိမိတို့ မျှော်ရည်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည့် ခြေလှမ်းသစ်များနှင့်အတူ စိန်ခေါ်မှုများကို စနစ်တကျ

ကျော်လွှားနိုင်စေရေး မိမိတို့အလေးထား ပြင်ဆင်ထားကြရန် သာ ဖြစ်သည်။

နှစ် ခုနှစ်ဆယ်ကျော်ကြာ ပဋိပက္ခအတိမ်အနက်နှင့် သက်ရောက်မှုများကို သုံးသပ်ကြည့်လျှင် မိမိတို့ နိုင်ငံရှိ လူ့အဖွဲ့အစည်းများအတွင်း ပြန်လည်တည်ဆောက်ကြရမည့် အရာများစွာ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အရေးကြီးသော အကြောင်းအရာများစွာထဲမှ မည်သည့် အကြောင်းကိစ္စများအား ဦးစားပေးလုပ်ဆောင်ကြမည်ကို မဟာဗျူဟာကျကျ စဉ်းစားကြရမည့် အချက်ဖြစ်သည်။ ထိုသို့ စဉ်းစားရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်နေပြီးသော ပဋိပက္ခ များ၏ နောက်ကြောင်းအရင်းခံများကို ထည့်သွင်းစဉ်းစားရန် လိုအပ်လာသည်။ ပြည်ထောင်စုနိုင်ငံ စုဖွဲ့တည်ဆောက်ရန် လိုအပ်ခြင်း အပါအဝင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးပြဿနာများ၊ အရင်းအမြစ်များ၏ လာရာနှင့် နောက်ဆက်တွဲ သက်ရောက်မှု များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်သည်။



# တန်းတူညီမျှမှုအခြေခံမှုကို အလေးထားမှု

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး အချိန်မှစ၍ မြန်မာနိုင်ငံတွင် (အထူးသဖြင့် ဗမာမဟုတ်သည့်) လူမျိုးများသည် တန်းတူညီမျှမှုရှိရန် ဗဟိုအစိုးရအဆက်ဆက်ကို တော်လှန်တိုက်ပွဲဝင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအဖြစ် လွတ်လပ်ရေးမရမီအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ဗမာနိုင်ငံရေးသမားများသည် ဗမာမဟုတ်သည့် လူမျိုးများကို လွတ်လပ်ရေးအတူယူကြရန် စည်းရုံးသိမ်းသွင်းကြရာတွင်လည်း တန်းတူညီမျှမှုကိုပင် အခြေခံ၍စည်းရုံးခဲ့ခြင်းဖြစ်သည်။

တန်းတူညီမျှမှုသည် သမိုင်းတစ်လျှောက် မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲတွင် အသုံးအများခဲ့ဆုံး ဝေါဟာရ တစ်ခုဖြစ်သည်။ သို့သော် လူ့အဖွဲ့အစည်းများ၏ အနေအထားကိုကြည့်ပါက လွတ်လပ်ပြီး မြန်မာနိုင်ငံတွင် တန်းတူညီမျှမှု တောက်လျှောက်ဆိတ်သုန်းနေခဲ့သည်။ ဖဆပလမှစ၍ အစိုးရအဆက်ဆက် တန်းတူညီမျှခြင်းကို ပြည်တွင်းစစ်နှင့် ရင်းကာငြင်းဆန်ခဲ့ပြီး အကြောင်းပြချက်အမျိုးမျိုးဖြင့် အလေးထားအကောင်အထည်ဖေါ်ရန် ပျက်ကွက်ခဲ့ကြသည်

ဤနေရာတွင် ဗမာမဟုတ်သည့် လူမျိုးများသည်လည်း တန်းတူညီမျှမှုရရှိရန် ဘဝနှင့် အသက်များရင်းကာ မိမိတို့သက်ဆိုင်ရာ လူမျိုးအသီးသီး၏ အနာဂတ်အတွက် တော်လှန်ရေးဆင်နွှဲနေခဲ့ကြသည်။

ထို့အတူ ဆယ်စုနှစ် နှစ်ခုသုံးခုခြားတိုင်းတွင် ပေါ်လာတတ်သော ဒီမိုကရေစီလှုပ်ရှားမှု အရေးအခင်းများသည်လည်း တန်းတူညီမျှမှု ဆိုသည်ကိုပင် ဒီမိုကရေစီအခွင့်အရေးအဖြစ် တော်လှန်တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။

လက်ရှိပြည်ထောင်စုတည်ဆောက်ရေး လှုပ်ရှားမှုများအတွင်း တန်းတူညီမျှမှုကို နိုင်ငံသားများ၏ အခွင့်အရေးတစ်ခုအဖြစ်အပြင် ပြည်ထောင်စု စုဖွဲ့မှု၏ အခြေခံမူအနေဖြင့်လည်း စဉ်းစားလာကြသည်ကို တွေ့ရသည်။ ထို့ကြောင့် အနာဂတ်ပြည်ထောင်စုအတွင်း တန်းတူညီမျှမှုကို လက်တွေ့ကျကျနှင့် အနှစ်သာရရှိရှိ မည်သို့ အကောင်အထည်ဖော် အသက်သွင်းကြမည်ဆိုသည်မှာ ဗမာလူမျိုးများနှင့်အတူ မိမိတို့ လူမျိုးအသီးသီး၏ တန်းတူရေးအတွက် တိုက်ပွဲဝင်နေကြသော ဗမာမဟုတ်သော လူမျိုးအားလုံးအတွက်နှင့် မိမိတို့ မျှော်ရည်သော နိုင်ငံသစ်အတွက် အခြေခံကျလှသည့် မေးခွန်းတစ်ခုဖြစ်နေပါသည်။

တန်းတူညီမျှမှုသည် မိမိတို့ တည်ဆောက်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေး၊ နှစ်ရှည်ပြည်တွင်းစစ်မီးကို ငြိမ်းနိုင်ရေးစသည်တို့အတွက် အခရာကျသကဲ့သို့ မိမိတို့မျှော်ရည်သော တန်ဘိုးရှိသည့် လူ့အဖွဲ့အစည်းအမှန်တကယ်ဖြစ်လာရေးအတွက်လည်း အဓိကကျနေသည်။ နှစ်ပေါင်းခုနှစ်ဆယ်ကျော် အမျိုးသားတန်းတူညီမျှမှုခေါင်းစဉ်အောက်တွင် တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ပြည်သူလူထုအားလုံးအကြား အကြောင်းအမျိုးမျိုးကို အခြေခံသည့် ခွဲခြားဆက်ဆံမှုများကို ထည့်တွက်ဖြေရှင်းမှုမရှိခြင်း၊ လိင်ကွဲပြားမှုအပေါ် အခြေခံပြီး ကွဲပြားသည့် အကျိုးခံစားခွင့်နှင့် ၎င်းတို့၏ နောက်ဆက်တွဲ သက်ရောက်မှုများကို ဥပေက္ခာပြုလစ်လျူရှုထား၍ မရတော့သည်ကို အလေးအနက်ထား အသိအမှတ်ပြုရမည်ဖြစ်သည်။

စုစည်းညီညွတ်မှုအားဖြင့် မီးကုန်
ယမ်းကုန် ကြိုးပမ်းကျော်လွှားကြ
ရမည့် တော်လှန်ရေးကာလထဲတွင်
ခွဲခြားဆက်ဆံမှုများရှိနေသရွေ့၊
တန်းတူညီမျှမှုကို နိုင်ငံရေးဆောင်
ပုဒ်တစ်ခုထက် ကျော်လွန်ပြီး မမြင်
နိုင်သရွေ့၊ တန်းတူညီမျှမှု
အနှစ်သာရကို ဖော်ဆောင်ရန်
ပျက်ကွက်နေသရွေ့ မိမိတို့သည်
လိုအပ်နေသော အင်အားနှင့်
အရင်းအမြစ်များ စုစည်းမှုကို
ပြည့်မီ အောင်လုပ်ဆောင်နိုင်မည်
မဟုတ်ပေ။

ထို့ကြောင့် ယနေ့တန်းတူညီမျှမှုကို စဉ်းစားကြသည့်အခါ မိမိတို့ တည်ဆောက်မည့် နိုင်ငံသစ်၏ အခြေခံမူတစ်ခုအနေဖြင့် ချဉ်းကပ် နိုင်ရန် လိုအပ်သကဲ့သို့ တစ်ပြိုင်တည်းမှာပင် ပြည်ထောင်စုတွင်း မှီတင်းနေထိုင်ကြမည့် နိုင်ငံသားတစ်ဦးစီ၏ အခြေခံအခွင့်အရေး တစ်ခုအနေဖြင့်လည်း ချဉ်းကပ်ကြရန် အလွန်အရေးကြီးလှပါသည်။

အချုပ်အားဖြင့် အနာဂတ်ပြည်ထောင်စုတွင်း ကျား - မတန်းတူရေး (ဂျဲန်ဒါတန်းတူရေး) နှင့် အမျိုးသမီးများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးစသော နယ်ပယ်အသီးသီးတွင်း တန်းတူမှုဆိုင်ရာ အခွင့် အရေးများကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် စဉ်းစား ရာတွင် တန်းတူရေးကို ပြည်ထောင်စုစနစ်၏ အခြေခံမူတစ်ခုအနေဖြင့် ထည့်သွင်းရမည့်အပြင် တန်းတူရေးသည် နိုင်ငံသားတစ်ဦးချင်း၏ အခြေခံအခွင့်အရေးတစ်ခုအနေဖြင့် (ခွဲခြားဆက်ဆံခြင်းအလျဉ်းမရှိ စေပဲ) ချဉ်းကပ်ဖော်ဆောင်သွားကြရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က အဆိုပြုသည်။ ပြည်ထောင်စု စုဖွဲ့ခြင်း၏ အခြေခံမူ ဖြစ်ခြင်းနှင့် နိုင်ငံသားတစ်ဦးချင်း၏ အခြေခံအခွင့်အရေးဖြစ်ခြင်း ကြောင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်း ပြဌာန်းရန် လိုအပ်သကဲ့သို့ ပြည်နယ်များ၏ သက်ဆိုင်ရာ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေများ အသီးသီးတွင်လည်း စနစ်တကျ ရေးဆွဲ ပြဌာန်းသွားနိုင်ရန် လိုအပ်သည်။

# ပြည်ထောင်စုစနစ်အခြေခံမူနှင့် တန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြည်ထောင်စုနိုင်ငံများ၏ ပြည်ထောင်စုစနစ် (Federalism) ကို ချဉ်းကပ်မှုပုံစံများ ကွာခြားကြသကဲ့သို့ ချဉ်းကပ်သည့် အခြေခံ အကြောင်းရင်းများလည်း ကွာခြားကြသည်။ အနာဂတ်ပြည်ထောင်စု ဖွဲ့စည်းပုံအတွင်းနှင့် ပြည်နယ်များ၏ ဖွဲ့စည်းပုံအတွင်း တန်းတူရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အောက်ပါအတိုင်း အကြံပြုထားသည်။

## က။ ပြည်ထောင်စုစနစ် အခြေခံမူ

၁) ပြည်ထောင်စုစနစ်၏ အခြေခံမူအနေဖြင့် တော်လှန်ရေး အင်အားစုများမှ နှစ်ပေါင်းများစွာ အရေးဆိုလာခဲ့ကြသည့် အတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ သော ပြည်ထောင်စုဖြစ်ရမည်ဟု မိမိတို့ အဖွဲ့ချုပ်မှ ယုံကြည် လက်ခံသည်။

၂) စုံလင်ကွဲပြားမှုများ အများအပြားရှိသော မိမိတို့ လူ့အဖွဲ့ အစည်းအတွင်း အနှစ်သာရပြည့်ဝသော တန်းတူညီမျှမှု ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များဖြင့် အာမခံ ကာကွယ်ရာတွင် သမားရိုးကျတန်းတူညီမျှမှု အားဖြင့် သာမက ရလဒ်ကို အခြေခံသော တန်းတူညီမျှမှုဖြင့် ချဉ်းကပ်ပြဋ္ဌာန်းရမည်။

၃) နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက် လူ့အခွင့်အရေး ဆိတ်သုန်းနေခဲ့သောကြောင့် နောက်ဆက်တွဲ အကျိုးဆက်များကို ပြန်လည်ကုစားနိုင်ရန်နှင့် အမှန်စင်စစ် လူသားဖြစ်တည်မှုနှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားသော လူ့အဖွဲ့အစည်းဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံလူ့အခွင့်အရေးများနှင့် နိုင်ငံသားအခွင့်အရေးများကို တိကျခိုင်မာစွာ ရေးဆွဲပြဋ္ဌာန်းထားရမည်။

၄) တန်းတူညီမျှမှုကို ရှေ့ရှုသော ပြည်ထောင်စုနိုင်ငံသစ်အတွင်း လူမျိုး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာနှင့် ကိုးကွယ်ယုံကြည်မှု၊ လိင်ကွဲပြားမှုနှင့် လိင်စိတ်ခံယူချက် ကွဲပြားမှုစသည်တို့အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်း အလျဉ်းမပြုရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အားဖြင့် တားဆီးထားရမည်။

၅) ပြည်ထောင်စုနိုင်ငံအတွင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာရေးဆိုင်ရာ ကျင့်ထုံးများသည် တန်းတူညီမျှမှု အခွင့်အရေးနှင့်အညီ ကျင့်သုံးခြင်းဖြစ်သည်။

၆) ခေတ်အဆက်ဆက် အဖယ်ကျဉ်ခံ၊ အဖိနှိပ်ခံ၊ ခွဲခြားဆက်ဆံခဲ့ရသော အမျိုးသမီးများ၊ အမျိုးမျိုးသော လူနည်းစုများ၏ သမိုင်းကြောင်း အတွေ့အကြုံများကို အသိအမှတ်ပြုလျက် ပြည်ထောင်စုနိုင်ငံသစ်တွင် တန်းတူညီမျှမှုကို ရှေ့ရှုသော အမျိုးသမီးအခွင့်အရေးနှင့် လူနည်းစုများ အခွင့်အရေးကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်း အခိုင်အမာ ပြဋ္ဌာန်းကာကွယ်ရမည်။

၇) ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပြဋ္ဌာန်းထားသော တန်းတူညီမျှမှု အခြေခံမူနှင့် အခွင့်အရေးကို အသက်သွင်း အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် ဥပဒေဟောင်းများကို

ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ လိုအပ်ပါက ပယ်ဖျက်ခြင်း၊ ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်းများအပြင် တန်းတူညီမျှမှုကို ရှေ့ရှုသော အထူးစီမံဆောင်ရွက်ချက်များကိုလည်း စနစ်တကျ လုပ်ဆောင်သွားရန် ဖွဲ့စည်းပုံအခြေခံဥပဒေက လမ်းညွှန်ပြဋ္ဌာန်းပေးရမည်။

၈) တန်းတူညီမျှမှုကို အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရေး အတွက် ပြည်ထောင်စုသစ်အတွင်း ရွေးကောက်ပွဲစနစ်များ အား ရေးဆွဲကျင့်သုံး သွားရမည်။

## ၁။ ပြဋ္ဌာန်းချက်များဆိုင်ရာ စဉ်းစားချက်

၁) နိုင်ငံရေးကိုယ်စားပြုမှု၊ ပါဝင်မှုနှင့် တန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်

ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ -- အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး နယ်ပယ်အသီးသီးတွင်း ကျား - မ တန်းတူရေးကို ဖော်ဆောင်နိုင်ရန် အနည်းဆုံး အမျိုးသမီး ၃၀% ဖြင့် ဖွဲ့စည်းရမည်။

အချုပ်အခြာအာဏာကို ကျင့်သုံးကြသော မဏ္ဍိုင်ကြီးတစ်ခု ချင်းစီက တန်းတူရေးကို လက်တွေ့ကျကျ ဆက်လက် အကောင်အထည်ဖော် လုပ်ဆောင်ရန် လိုအပ်သော စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများနှင့် အခြားလုပ်ထုံးများကို ရေးဆွဲ ချမှတ်ရမည်။ ထို့အတူ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို အခြေခံပြီး ချိုးဖောက်မှု၊ ပျက်ကွက်မှုများကို စနစ်တကျ အရေးယူဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင် ခြင်းဆိုင်ရာ ယန္တရားများကို ရေးဆွဲချမှတ်ရမည်။

ဂျဲန်ဒါတန်းတူရေး အကောင်အထည်ဖော်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်း၊ ဥပဒေနှင့် လုပ်ထုံးများသည် ဖွဲ့စည်းပုံက အာမခံ ပြဋ္ဌာန်းထားသော တန်းတူညီမျှမှု ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည်ဟု ယူဆပါက မည်သူမဆို ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးသို့ တိုင်ကြားခွင့်နှင့် အဆိုပါပြဋ္ဌာန်း ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်းကို လျှောက်တင်ပိုင်ခွင့် ရှိသည်။

၂) အမျိုးသမီးအခွင့်အရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများ ကို ကာကွယ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးအခွင့်အရေးနှင့် ဓလေ့ ထုံးတမ်းဆိုင်ရာများကို ကာကွယ်ပြဋ္ဌာန်းရာတွင် အခြေခံ အားဖြင့် အောက်ပါအချက် (၃) ချက်ကို ထည့်သွင်းစဉ်းစား ရမည်။

(က) ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်ပါ အခြားအခွင့်အရေးများနှင့် လိုက်လျောညီထွေမှုရှိခြင်း (သို့မဟုတ်) ဆန့်ကျင်မှု မရှိခြင်း။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ များ၏ ဖြစ်တည်မှု၊ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲ နိုင်သော သဘောဆောင်သည်ဟု နားလည်မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုအစိုးရအနေဖြင့်သော်လည်းကောင်း ပြည်နယ်အစိုးရများအနေဖြင့်သော်လည်းကောင်း အမျိုးသမီးများ၏ အခွင့်အရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ကာကွယ်မြှင့်တင်ပေးသည့် ဓလေ့များ ဖြစ်စေရန် တွန်းအားပေးခြင်း၊ စည်းရုံးခြင်းအစီအမံများ ပြုလုပ်နိုင်သည်။

၃) အခြေခံလူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

တန်းတူညီမျှမှုနှင့် စပ်လျဉ်း၍ အမျိုးသမီးများအပါအဝင် သမိုင်းကြောင်းတစ်လျှောက် ဖယ်ကျဉ်ဖိနှိပ်ခြင်းနှင့် ခွဲခြား ဆက်ဆံခြင်း ခံခဲ့ရသူများအတွက် အထူးအရေးပါသည့် အကြောင်းအရာများမှာ

(က) အရင်းအမြစ်များနှင့် အခွင့်အလမ်းဆိုင်ရာများ

၁။ ကျန်းမာရေး

၂။ ပညာရေး

၃။ အိုးအိမ်

၄။ ဥစ္စာပစ္စည်း

၅။ လူမှုဖူလုံရေး - စသည်တို့ဖြစ်သည်။

(ခ) အကြမ်းဖက်မှုမျိုးစုံနှင့် မတရားထိပါးနှောင့်ယှက်မှု များမှ ကင်းဝေးရေး

၁။ အကြမ်းဖက်မှုများမှ ကင်းလွတ်ခွင့်

၂။ ခွဲခြားဆက်ဆံမှုများမှ ကင်းလွတ်ခွင့်

၃။ အဓမ္မထိမ်းမြားခြင်း၊ အရွယ်မရောက်မီ ထိမ်းမြားခြင်းများမှ ကင်းလွတ်ခွင့်

၄။ လူကုန်ကူးခံရခြင်းမှ ကင်းလွတ်ခွင့် စသည်တို့ ဖြစ်သည်။

(ဂ) အစိုးရ (သို့မဟုတ်) အာဏာပိုင်များ၏ ကျူးလွန် ချိုးဖေါက်မှုများကို တားဆီးကာကွယ်ရန်

၁။ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်

၂။ လွတ်လပ်စွာ စုစည်း၊ စည်းရုံးခွင့်

၃။ ခွဲခြားဆက်ဆံမှုများမှ ကင်းလွတ်ခွင့်

၄။ လွတ်လပ်စွာ ခရီးသွားလာခွင့် - စသည်တို့ ဖြစ်သည်။

(ဃ) အိမ်ထောင်ခန်းဥပဒေကိစ္စရပ်များ

၁။ လက်ထပ်ထိမ်းမြားခွင့်နှင့် ကွာရှင်းပြတ်စဲခွင့်

၂။ ကလေးအုပ်ထိန်းခွင့်

၃။ ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့် - စသည်တို့ဖြစ်သည်။

(င) ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ

၁။ နိုင်ငံရေးကိုယ်စားပြုမှုနှင့် ကိုယ်စားပြုခွင့်

၂။ ပညာရေး

၃။ စီးပွားရေး

၄။ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ - စသည်တို့ဖြစ်သည်။

(စ) နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များ

၁။ အမျိုးသား၊ အမျိုးသမီးအားလုံးအပေါ် သက်ရောက်မှုရှိသော ဥပဒေများနှင့်အညီ ချွင်းချက်မရှိ နိုင်ငံသားဖြစ်ခွင့်

၂။ မိခင်များ၏ နိုင်ငံသားဖြစ်မှုကို သားသမီးများမှ ဆက်လက်ခံယူခွင့် - စသည်တို့ဖြစ်သည်။

၄) အခွင့်အရေးများကို ကန့်သတ်ခြင်း (သို့မဟုတ်) ဆိုင်းငံ့ခြင်း ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အာမခံပြဋ္ဌာန်းထားသော အခွင့်အရေးများကို အခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေ ကန့်သတ်ရခြင်း သို့မဟုတ် ဆိုင်းငံ့ရခြင်းများ ရှိလာသည့်အခါ ချိုးဖောက်မှုများ၊ ထိခိုက်နစ်နာမှုများ မရှိစေရန်၊ တိကျရှင်းလင်းသော စည်းကမ်းလမ်းညွှန်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားရမည်။

## ကန့်သတ်ခြင်းဆိုင်ရာ အဆိုပြုပြဋ္ဌာန်းချက်

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော တန်းတူရေးဆိုင်ရာ အခွင့်အရေးများ၊ အမျိုးသမီး အခွင့်အရေးနှင့် ကျား - မတန်းတူရေး အပါအဝင် အခြေခံ လူ့အခွင့်အရေးအားလုံးကို ကန့်သတ်ရန် လိုအပ်လာသည့် အခါ ကန့်သတ်သည့် ဥပဒေ၏ တူညီသော သက်ရောက်မှု ရှိစေရမည်။ ထို့အပြင် ကန့်သတ်သည့် ဥပဒေသည် တာဝန် ယူမှု၊ တာဝန်ခံမှုများဖြင့် ပွင့်လင်းသော ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအတွင်း လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှုနှင့် လွတ်လပ်မှု စသည်တို့ဖြင့် ကျိုးကြောင်းဆီလျော်မှု ရှိသည့် အပြင် အောက်ပါအချက် (၅) ချက်ကို ညီညွတ်စွာ ထည့်သွင်း စဉ်းစားရမည်။

- ကန့်သတ်ရမည့် အခွင့်အရေး၏ သဘောသဘာဝ
- ကန့်သတ်ရမည့် အကြောင်းရင်း (ရည်ရွယ်ချက်)
- ကန့်သတ်ချက်၏ အတိုင်းအတာ
- ကန့်သတ်ချက်နှင့် ကန့်သတ်ရသည့် အကြောင်းရင်း ဆက်စပ်မှု
- ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နိုင်ရန် ထိခိုက်နစ်နာ ဆုံးရှုံးမှု အနည်းဆုံးကန့်သတ်ချက်

အထက်ပါ ပြဋ္ဌာန်းချက်နှင့်အညီမှလွဲ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်းပြဋ္ဌာန်းထားသော မည်သည့် အခြေခံ အခွင့်အရေးတစ်ခုကိုမျှ ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် ကန့်သတ်ခြင်း၊ တားဆီးခြင်း၊ အနှောင့်အယှက်ပြုခြင်း မရှိစေရ။

# ပြည်နယ်ဖွဲ့စည်းပုံများ အခန်းကဏ္ဍ

## ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခြင်း အခြေခံမှုများ

က။ ပြည်နယ်ဖွဲ့စည်းပုံ ရေးဆွဲပြဋ္ဌာန်းခြင်းသည် ပြည်နယ်တွင်းမှီတင်းနေထိုင်ကြသော ပြည်သူလူထုများ၏ အခွင့်အရေးကို ပိုမိုကောင်းမွန်သော အကောင်အထည်ဖေါ်လုပ်ဆောင်မှု၊ အာမခံနှင့် အကာအကွယ်ဆိုင်ရာ ယန္တရားဖြစ်စေခြင်း၊ စုံလင်ကွဲပြားမှုများနှင့် လူနည်းစုများအတွက် ပိုမိုကောင်းမွန်သည့် အကောင်အထည်ဖေါ်မှုဆိုင်ရာ ယန္တရားဖြစ်ရေး၊ လူထုနှင့် အနီးဆုံးနေရာတွင် အာဏာကို ထားရှိကျင့်သုံးခြင်းဆိုင်ရာမူ (subsidiarity principle) နှင့်အညီ ဒေသန္တရကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့အကောင်အထည်ဖေါ်မှု အားကောင်းစေခြင်းနှင့် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေမှ အာမခံပြဋ္ဌာန်းထားသော အခွင့်အရေးများထက် မလျော့သည့် ပြဋ္ဌာန်းချက်များဖြင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေက သက်ဆိုင်ရာ ပြည်နယ်အသီးသီးတွင် ကျား - မ တန်းတူညီမျှရေးအပါအဝင် တန်းတူညီမျှရေးဆိုင်ရာ အားလုံးကို အာမခံပြဋ္ဌာန်းပေးခြင်းစသည့် ရည်ရွယ်ချက်များအား အခြေခံမှုအဖြစ် ပြဋ္ဌာန်းရေးဆွဲရမည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော အင်္ဂါရပ်များဖြစ်သည့် အခြေခံမူနှင့် စံတန်ဖိုးများ၊ အခြေခံလူ့အခွင့်အရေးများနှင့် စုံလင်ကွဲပြားမှုနှင့် ဒီမိုကရေစီ အလေးထားမှုဆိုင်ရာများအပြင် ပြည်နယ်တွင်းနှင့် ပြည်ထောင်စုတွင်း လူ့အဖွဲ့အစည်းများ၏ ဘုံမျှော်ရည်ချက်ဆီသို့ ချီတက်လုပ်ဆောင်ကြရာတွင် အထောက်အကူ ဖြစ်စေမည့် ဥပဒေအရစည်းနှောင်မှုရှိသော သို့မဟုတ် မရှိသော မူဝါဒလမ်းညွှန်များကို ထည့်သွင်းပြဋ္ဌာန်းရမည်။

၉။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် ပြည်နယ်တွင်း မှီတင်းနေထိုင်ကြသော ပြည်နယ်သူပြည်နယ်သားအားလုံး၏ ကာကွယ်ရာ ဖြစ်ရမည်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်နယ်သူပြည်နယ်သားအားလုံးက တာဝန်ခံရမည်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်နယ်တွင်းရှိ တစ်ဦးတစ်ယောက်ချင်းစီအား အကာအကွယ်ပေးရမည် ဖြစ်ပြီး လူမျိုးတစ်မျိုးမျိုးကို အလေးပေးခြင်း၊ အခွင့်ထူးခံဖြစ်စေခြင်း စသည်တို့ကို တားဆီးရမည်။

# နိဂုံး

ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်မှ တန်းတူညီမျှမှုဆိုင်ရာ အယူအဆကို ပြည်ထောင်စုအခြေခံမူအဖြစ်နှင့် ပြည်ထောင်စု နိုင်ငံသားအားလုံး၏ အခြေခံအခွင့်အရေး တစ်ခုအနေဖြင့် ချဉ်းကပ်ခြင်းသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အနှစ်သာရ ရှိသော တန်းတူညီမျှမှုကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်ရန် အဓိကကျသည်ဟု မိမိတို့ အဖွဲ့ချုပ်မှ ယုံကြည်လက်ခံသည်။

အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှု၊ ကိုယ်စားပြုမှုနှင့် အမျိုးသမီးများအပေါ် တိုက်ရိုက် သက်ရောက်မှုရှိသော ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများ စသည်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အလေးထား စဉ်းစားကြရမည့် အဓိကအချက်များ ဖြစ်သည်။

ထို့အတူ တန်းတူညီမျှမှုကို အာမခံ အကာအကွယ်ပေးသော၊ ဂျဲန်ဒါတန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေးကို အလေးထား ကာကွယ်မြှင့်တင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ရေးသည် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် ဖြစ်စဉ်များတွင် အမျိုးသမီးများ လုံလောက်စွာပါဝင်စေခြင်း အပေါ်တွင် မူတည်သည်။



**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏**
**အခြားအမျိုးသမီးအခွင့်အရေးနှင့် ကျား-မ တန်းတူရေး**
**ဆိုင်ရာ စာတမ်းအချို့**






**www.womenofburma.org တွင်**
**ဖတ်ရှုနိုင်ပါသည်။**

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏အဖွဲ့ဝင်အဖွဲ့အစည်းများ

မြန်မာ့အမျိုးသမီးသမဂ္ဂ
Burmese Women's Union (BWU)

ကရင်နီအမျိုးသမီး အစည်းအရုံး
Karenni National Women's Organization (KNWO)

ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ
Kachin Women's Association Thailand(KWAT)

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး
Kuki Women's Human Rights Organization (KWHRO)

ကရင်အမျိုးသမီးအစည်းအရုံး
Karen Women's Organization(KWO)

ကယန်းအမျိုးသမီးအစည်းအရုံး
Kayan Women's Organization(KyWo)

လားဟူအမျိုးသမီးများ အဖွဲ့အစည်း
Lahu Women's Organization (LWO)

ပအိုဝ်းအမျိုးသမီးသမဂ္ဂ
Pa-O Women's Union (PWU)

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
Shan Women's Action Network (SWAN)

တအာင်းအမျိုးသမီး အဖွဲ့အစည်း
Ta'ang Women's Organization (TWO)

ထားဝယ်အမျိုးသမီးသမဂ္ဂ
Tavoyan Women's Union (TWU)

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့
Women's for Justice(WJ)

*Designed by Ying Tzarm*
*September 2023*

Women's League of Burma (WLB)
WWW.WOMENOFBURMA.ORG